# Tech Spotlight: TV Remotes on Steroids



## Xfinity iPad App

Comcast ရဲ့ အခမဲ့ Xfinity TV app က subscriber တွေကို iOS ၊ ဒါမှမဟုတ် Android device တွေပေါ်မှာ channel ပြောင်းတာတွေ၊ TV ၊OnDemand listing တွေ၊ ကိုယ့် phone ရဲ့ အချက်အလက်တွေကို ရှာတဲ့နေရာမှာ သုံးလို့ရစေပါတယ်။ Comcast ရဲ့ X1 က လှုပ်ရှားမှုနဲ့ ခိုင်းစေလို့ရတဲ့ စနစ်ပါဝင်ပါတယ်။

*(find.pcworld.com/73082)*



## Logitech harmonhy 1100 အဆင့်မြင့် universal remote

ဒေါ်လာ ၃၅၀ တန် Harmony 1100 ဟာ ညအမှောင်မှာ ကြည့်ဖို့အတွက် backlight ပါတဲ့ ၃.၅လက်မ screen ပါဝင်ပါတယ်။ ပြီးတော့ IR နဲ့ RF နည်းပညာကိုအသုံးပြုထားပါတယ်။ Windows နဲ့ Mac PC တွေကို ချိတ်ဆက်နိုင်ပြီးတော့ gadget ၁၅ ခု လောက်အထိ အလုပ်လုပ်နိုင်ပါတယ်။ *(find.pcworld.com/73083)*



## TRC-1208 လက်ကိုင် ရောင်စုံ touchscreen remote

၈၉၉ ဒေါ်လာတန် Wi-Fi ပါတဲ့ TRC-1280 က TV ၊ အိမ်တွင်းသုံး ဖျော်ဖြေရေးပစ္စည်း၊ မီးချောင်း၊ အပူချိန်နဲ့ A/V gear တွေကို ထိန်းနိုင်ပါတယ်။ သူ့ရဲ့ ၂.၈ လက်မ touchscreen display က security camera က ပုံတွေကြည့်ဖို့ဖြစ်ပါတယ်။

*(find.pcworld. com/73084)*



## Voomote one

ဒေါ်လာ ၇၀ တန် Voomote one က iOS device တွေနဲ့ တပ်ဆင်အသုံးပြုရတဲ့ dongle လေးဖြစ်ပါတယ်။ ပြီးတော့ Voomote ရဲ့ free zapper app က iOS device ကို universal remote အဖြစ် ပြောင်းလဲပေးမှာဖြစ်ပါတယ်။ အိမ်က အခန်းတစ်ခုစီအတွက် မတူညီတဲ့ လုပ်ဆောင်ချက်တွေကို ဖန်တီးလို့ရပါတယ်။

*(find.pcworld.com/73085)*

# ကုမ္ပဏီပိုင်ရှင်များအနေနဲ့ ဝန်ထမ်းများရဲ့ social media အသုံးပြုမှုကို တိုးမြှင့်စောင့်ကြည့်သင့်ပါသလား

စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေဟာ ဝန်ထမ်းတွေရဲ့ internet အသုံးပြုမှုကိုစောင့်ကြည့်ဖို့ နည်းပညာတွေအများကြီးရှိပါတယ်၊ ၂၀၁၅ ခုနှစ်ရောက်တဲ့အခါကျရင်တော့ လုံခြုံရေးဆိုင်ရာ ဖောက်ဖျက်မှုတွေမရှိစေဖို့ ၆၀ ရာခိုင်နှုန်းသော ဝန်ထမ်းတွေရဲ့ social media အသုံးပြုမှုတွေကို စောင့်ကြည့်ကောင်းစောင့်ကြည့်လာနိုင်ခြေ ရှိပါတယ်လို့ Gartner က သတင်းထုတ်ပြန်ခဲ့ပါတယ်၊

လက်ရှိမှာတော့ ကုမ္ပဏီတွေထဲက အများဆုံး ၁၀ ရာခိုင်နှုန်းလောက်ကသာ သူတို့ဝန်ထမ်းတွေရဲ့ Facebook၊ LinkedIn၊ YouTube နဲ့ တခြား social media site အသုံးပြုမှုတွေကို ကုမ္ပဏီရဲ့ လုံခြုံရေးအတွက် စောင့်ကြည့်လျက်ရှိပါတယ်။ ကုန်အမှတ်တံဆိပ်တွေကို စီမံအုပ်ချုပ်တာ နဲ့ marketing ပိုင်းတွေကို စောင့်ကြည့်ဖို့ social media တွေအများကြီး ရှိနေပေမယ့်လည်း အပေါ်မှာဖော်ပြခဲ့တဲ့ social media site တွေကို ပိုပြီး စောင့်ကြည့်လေ့ရှိပါတယ်။

နည်းပညာတွေနဲ့ service တွေကိုအသုံးပြုပြီး ဝန်ထမ်းတွေကို စောင့်ကြည့်လေ့လာဖို့ ခွင့်ပြုထားတယ်ဆိုပေမယ့်လည်း ကုမ္ပဏီတွေက ဝန်ထမ်းတွေရဲ့ ကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့ လူကျင့်ဝတ်တွေနဲ့ ဥပဒေပိုင်းဆိုင်ရာပြဿနာတွေကို ဂရုတစိုက်နဲ့ ကောင်းကောင်း စောင့်ကြည့်ဖို့က ပိုပြီးလိုအပ်တယ်လို့လည်း သတိပေးထားပါသေးတယ်။ ကုမ္ပဏီတွေက စောင့်ကြည့်လေ့လာတဲ့ ဒီ program အသစ်တွေဟာ သူ တို့အလုပ်လုပ်နေတဲ့ နိုင်ငံတိုင်းက တရားဥပဒေတွေနဲ့ ကိုက်ညီမှုရှိရဖို့ ယူဆကြပါတယ်။

တကယ်လို့ ကုမ္ပဏီတွေက ဝန်ထမ်းတွေဟာ သူ့ရဲ့ device တွေနဲ့ social media တွေ အသုံးပြုနေလားဆိုတာ စောင့်ကြည့်ဖို့ ဆိုရင်တော့ ဝန်ထမ်းရဲ့ခွင့်ပြုချက်ကိုတောင်းခံဖို့ လိုအပ်ပါလိမ့်မယ်။ လုံခြုံရေးဆိုင်ရာ စောင့်ကြည့်မယ့်ဝန်ထမ်းတွေအနေနဲ့လည်း ကုမ္ပဏီရဲ့ အလုပ်အမှုဆောင်တွေရဲ့ ခွင့်ပြုချက်ကို တောင်းခံသင့်ပါသေးတယ်။ ဒီလိုစောင့်ကြည့်တယ်ဆိုတာက သာမန်ထက် ထူးခြားတဲ့လုပ်ဆောင်ချက် တစ်ခုဖြစ်ပြီး အထူးလုပ်ဆောင်နိုင်စွမ်းတွေနဲ့ အထက်လူကြီးတွေဆီက တိကျတဲ့အမိန့်တွေလည်းလိုအပ်တယ်လို့ ဆိုထားပါတယ်။ ■

ဦးမြင့်ဆွေ